Form (5-B)

THE REPUBLIC OF THE UNION OF MYANMAR

Mandalay Region Investment Committee

ENDORSEMENT

Endorsement No. MDY- 032 /2019 Dated 30th September, 2019

This Endorsement is issued by the Mandalay Region Investment Committee according to the section 25(d) of the Myanmar Investment Law-

(1) Name of Investor U PHYO HLA WAI

(2) Citizenship MYANMAR

(3) Residence Address No(56), KABAR AYE PAGODA ROAD, (10)QUARTER, MAYANGONE TOWNSHIP, YANGON REGION.

(4) Name and Address of Principle Organization MYAT MIN COMPANY LIMITED, NO(18-B),OAK PONE SEIK STREET,WARD(8),MAYANGONE TOWNSHIP,YANGON REGION.

(5) Place of Incorporation MYANMAR

(6) Type of Business HOTEL SERVICE

(7) Place(s) of investment Project KWIN NO(1555) AND (1563) ,SHWE TWINN QUARTER,NEW BAGAN, NAUNG OO TOWNSHIP , NAUNG OO DISTRICT, MANDALAY REGION.

(8) Amount of Foreign Capital -

(9) Period for Foreign Capital to be brought in -

(10) Total Amount of Capital (Kyat) KYAT 6000.000 MILLION (INCLUDING US$ 1.13 MILLION)

(11) Construction/ Preparation Period 2(TWO)YEARS

(12) Validity of Endorsement -

(13) Form of Investment WHOLLY MYANMAR OWNED

(14) Name of Company Incorporated in Myanmar MYAT MIN COMPANY LIMITED

30/9/2019

(Dr. Zaw Myint Maung)

Chairman

MDY

MRIC

ပုံစံ (၅-ခ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

အတည်ပြုမိန့်

အတည်ပြုမိန့်အမှတ်၊ မတလ - ၀၃၂/၂၀၁၉ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ-၂၅(ဃ)အရ ဤအတည်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(၁) **ရင်းနှီးမြှုပ်နှံသူအမည်** ဦးဖြိုးလှဝေ

(၂) **နိုင်ငံသား** မြန်မာ

(၃) **နေရပ်လိပ်စာ** အမှတ်(၁၅၆)၊ ကမ္ဘာအေးဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(၄) **ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ** မြတ်မင်း ကုမ္ပဏီ လီမိတက်၊ အမှတ်(၁၈-ဘီ)၊ အုတ်ပုံဆိပ်လမ်း ၊(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

(၅) **ဖွဲ့စည်းရာအရပ်** မြန်မာ

(၆) **ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား** ဟိုတယ် ဝန်ဆောင်မှု လုပ်ငန်း

(၇) **ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ)** ကွင်းအမှတ်(၁၅၅၅)နှင့်(၁၅၆၃)၊ရွှေတွင်းရပ်ကွက် ပုဂံမြို့သစ်၊ညောင်ဦးမြို့နယ်၊ ညောင်ဦးခရိုင်၊မန္တလေးတိုင်းဒေသကြီး။

(၈) **နိုင်ငံခြားမတည်ငွေရင်း ပမာဏ** -

(၉) **နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ** -

(၁၀) **စုစုပေါင်း မတည်ငွေရင်း ပမာဏ(ကျပ်)** ကျပ် ၆၀၀၀.၀၀၀ သန်း (အမေရိကန်ဒေါ်လာ ၁.၁၃သန်း အပါအဝင်)

(၁၁) **တည်ဆောက်မှု/ ပြင်ဆင်မှုကာလ** ၂(နှစ်)နှစ်

(၁၂) **အတည်ပြုမိန့်သက်တမ်း** -

(၁၃) **ရင်းနှီးမြှုပ်နှံမှုပုံစံ** ရာခိုင်နှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု

(၁၄) **မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့်ကုမ္ပဏီအမည်** MYAT MIN COMPANY LIMITED (မြတ်မင်း ကုမ္ပဏီ လီမိတက်)

30/9/2019

(ဒေါက်တာဇော်မြင့်မောင်)

MDY MRIC

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

၅၅လမ်း၊၄၀လမ်းနှင့်၄၁လမ်းကြား၊မဟာအောင်မြေမြို့နယ်၊မန္တလေးမြို့

စာအမှတ်၊၂၂ / ၄၄ / ၀၃ (မ-၂၂)(၈၄၅ /၂၀၁၉)

ရက်စွဲ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၁ ရက်

အကြောင်းအရာ။ **ရခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် Myat Min Co., Ltd. (မြတ်မင်း ကုမ္ပဏီ လီမိတက်) မှ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ အပေါ် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ၏ ဆုံးဖြတ်ချက်**

ရည်ညွှန်းချက်။ Myat Min Co., Ltd. (မြတ်မင်းကုမ္ပဏီလီမိတက်) ၏ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၉ ရက် နေ့စွဲပါစာ

၁။ Myat Min Co.,Ltd. (မြတ်မင်းကုမ္ပဏီလီမိတက်) မှ ကွင်းအမှတ် (၁၅၅၅) နှင့် (၁၅၆၃)၊ ရွှေတွင်းရပ်ကွက်၊ ပုဂံမြို့သစ်၊ ညောင်ဦးမြို့နယ်၊ ညောင်ဦးခရိုင်၊ မန္တလေးတိုင်းဒေသကြီး ရှိမြေ ၂၄.၂၅ဧက (၉၈၁၃၆.၃၅၅ စတုရန်းမီတာ) တွင် ဟိုတယ် ဝန်ဆောင်မှု လုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ နှင့်အညီဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြခြင်းအား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့တွင် ကျင်းပပြုလုပ်သော မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများကို ကျင့်သုံးလျက် Myat Min Co.,Ltd. (မြတ်မင်း ကုမ္ပဏီ လီမိတက်)အား ဟိုတယ် ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အတည်ပြုမိန့် အမှတ်၊ မတလ- ၀၃၂/၂၀၁၉ ကိုထုတ်ပေးလိုက်သည်။

၂။ Myat Min Co.,Ltd. (မြတ်မင်း ကုမ္ပဏီ လီမိတက်) အနေဖြင့် ဤအတည်ပြုမိန့်အရ လုပ်ငန်း ဆောင်ရွက်ရာတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) Myat Min Co.,Ltd. (မြတ်မင်း ကုမ္ပဏီ လီမိတက်) အနေဖြင့် ဤအတည်ပြုမိန့်အရ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၅၊ ၇၇၊ ၇၈ အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ပြဋ္ဌာန်းထားသည့် အချက်များနှင့်အညီ ခံစားခွင့်ပြုနိုင်ရန် လျှောက်ထားနိုင်သည်။

(ခ) Myat Min Co.,Ltd. (မြတ်မင်း ကုမ္ပဏီ လီမိတက်) သည် ဤအတည်ပြုမိန့်အရ ဝန်ဆောင်မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ အဖြစ်ထား၍ ဆောင်ရွက် အကောင်အထည်ဖော်ရမည်။

(ဂ) Myat Min Co.,Ltd.(မြတ်မင်း ကုမ္ပဏီ လီမိတက်) အနေဖြင့် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေ ပုဒ်မ၊ ၆၅နှင့် နည်းဥပဒေအခန်း (၂၀) တို့တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဝတ္တရားများ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဃ) Myat Min Co.,Ltd. (မြတ်မင်း ကုမ္ပဏီ လီမိတက်) သည် လုပ်ငန်း ဆောင်ရွက် ရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်း ထုတ်ပြန် ထားပြီးဖြစ်သည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ် ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသား ပတ်ဝန်းကျင် ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြ ပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက် များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(င) Myat Min Co.,Ltd.(မြတ်မင်း ကုမ္ပဏီ လီမိတက်)သည် လုပ်ငန်းဆောင်ရွက်ရာ တွင် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် မီးဘေးအန္တရာယ် ထိန်းသိမ်းကာကွယ်ရေး စနစ်များကို ဝန်ခံကတိပြုထားသည့်အတိုင်း စနစ်တကျ ထားရှိ ဆောင်ရွက်ရမည်ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ ညွှန်ကြားချက်များနှင့် အမိန့်များကို တိကျစွာလိုက်နာဆောင်ရွက် ရမည်။

(စ) Myat Min Co.,Ltd.(မြတ်မင်း ကုမ္ပဏီ လီမိတက်)သည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း သက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ် တစ်ဦးဦးသို့ တစ်ဆင့် ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် လုပ်ငန်း လွှဲပြောင်းခြင်းတို့ကို မြန်မာ နိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ၊ ၇၂ နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၁ အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြရမည်။

(ဆ) Myat Min Co.,Ltd. (မြတ်မင်း ကုမ္ပဏီ လီမိတက်) သည် မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု နည်းဥပဒေ ၁၉၆ အရနှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလ အတွင်း သတ်မှတ်ချက်ပါ အသေးစိတ်များပါရှိသည့် နှစ်စဉ်အစီရင် ခံစာအား သတ်မှတ်ပုံစံဖြင့် ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ် (သို့မဟုတ်) ကော်မရှင်ရုံး၏ ဝက်(ဘ်) ဆိုဒ် သို့ တင်ပြရမည်။

(ဇ) Myat Min Co.,Ltd. (မြတ်မင်း ကုမ္ပဏီ လီမိတက်)သည် မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု နည်းဥပဒေ ၁၉၇ အရ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်း အစီရင်ခံစာကို သုံးလလျှင် တစ်ကြိမ် ကော်မရှင်ကသတ်မှတ် တောင်းခံသည့် ပုံစံဖြင့် တင်ပြရမည်။

(ဈ) Myat Min Co.,Ltd. (မြတ်မင်း ကုမ္ပဏီ လီမိတက်) ၏ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်သည့် မြေနေရာနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံသူမှ တာဝန်ယူ ဖြေရှင်းရမည်။

(ည) Myat Min Co.,Ltd. (မြတ်မင်း ကုမ္ပဏီ လီမိတက်)သည် အလုပ်သမား အချင်း ချင်း၊ အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား ပေါ်ပေါက်သည့် အငြင်းပွားမှုများ အား သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ရမည်။

၃။ Myat Min Co.,Ltd.(မြတ်မင်း ကုမ္ပဏီ လီမိတက်)သည် သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသန ဦးစီးဌာန ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ပုဂံဒေသ ၏ **Integrated Management Framework (IMF)** ၊ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ် ထိန်းသိမ်းရေးဥပဒေ(၂၀၁၉) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃။ Myat Min Co.,Ltd. (မြတ်မင်း ကုမ္ပဏီ လီမိတက်)အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၆၅(ဃ)အရ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်း များမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင် ဖြစ်စေ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရမည်။

၄။ Myat Min Co.,Ltd. (မြတ်မင်း ကုမ္ပဏီ လီမိတက်) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက် ရာတွင် လုပ်ငန်းသဘာဝအရဖြစ်စေ၊ အခြားလိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ အစိုးရဌာန နှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ် လျှင် ဖြစ်စေ၊ ပုဂ္ဂလိက သို့မဟုတ် သက်ဆိုင်ရာဌာနနှင့် မြေငှားရမ်းခြင်းစာချုပ် ချုပ်ဆိုသည် ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ချက်များ နှင့်အညီ ဆောင် ရွက်ပြီး မိတ္တူ(၅)စုံစီအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှု ကော်မတီ သို့ ပေးပို့ရမည်။

30/1/2019

(ဒေါက်တာဇော်မြင့်မောင်)

ဥက္ကဋ္ဌ

Myat Min Co., Ltd. (မြတ်မင်း ကုမ္ပဏီ လီမိတက်)

ဖြန့်ဝေခြင်း

(၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

(၂) ပြည်ထဲရေးဝန်ကြီးဌာန။

ကန့်သတ်

(၃) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

(၄) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

(၅) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

(၆) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

(၇) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

(၈) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။

(၉) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန။

(၁၀) မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး။

(၁၁) မန္တလေးတိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

(၁၂) မန္တလေးတိုင်းဒေသကြီးလျှပ်စစ်၊စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန။

(၁၃) ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။

(၁၄) ညွှန်ကြားရေးမှူးချုပ်၊ရှေးဟောင်းသုတေသနဦးစီးဌာန

(၁၅) ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန။

(၁၆) ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန။

(၁၇) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန။

(၁၈) ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန။

(၁၉) ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန။

(၂၀) ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန။

(၂၁) ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။

(၂၂) ညွှန်ကြားရေးမှူးချုပ်၊ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန။

(၂၃) မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

(၂၄) မန္တလေးတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။

(၂၅) မန္တလေးတိုင်းဒေသကြီးရှေးဟောင်းသုတေသနဦးစီးဌာန(ပုဂံဌာနခွဲ)။

(၂၆) မန္တလေးတိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန။

(၂၇) မန္တလေးတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန။

(၂၈) မန္တလေးတိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန။

(၂၉) မန္တလေးတိုင်းဒေသကြီးဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန။

(၃၀) ရင်းနှီးမြှုပ်နှံမှုဌာနခွဲ(၃)၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။

(၃၁) ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။

(၃၂) စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။